# စကော့တလန်ရှိ လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသော (LGBT) ဒုက္ခသည်များအတွက် အကြံပြုချက်

၂၀၁၁ ခု ဧပြီ

LGBT -Burmese

ကျွန်ုပ်တို့သည် ကွဲပြားမှုကို တန်ဖိုးထားပြီး ပုဂ္ဂိုလ်အားလုံးကို ဂုဏ်သိက္ခာနှင့် လေးစားမှုဖြင့် မျှတစွာ ဆက်ဆံပါသည်။

HAPPY TO TRANSLATE

ကံအကြောင်းမလှစွာပင် အချို့သူများသည် ၎င်းတို့၏ လိင်ဆိုင်ရာ အကြိုက်ကြောင့် သို့မဟုတ် ၎င်းတို့ဖော်ထုတ်သည့် လိင် (လိင် ခွဲခြားဖော်ထုတ်မှု)ကြောင့် ခွဲခြားဆက်ဆံခံခြင်း သို့မဟုတ် နှောင့်ယှက်တိုက်ခိုက်ခံခြင်းတို့ကို ခံစားရကောင်း ခံစားရပေမည်။ သင်သည် လိင်တူ ဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) ဖြစ်ခြင်းကြောင့် မလိုမုန်းထားမှု၊ နှောင့်ယှက်တိုက်ခိုက်ခံခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းမှု တို့ကို ခံစားရပြီး ၎င်းကို အခြေခံ၍ ယူကေတွင် ခိုလှုံခွင့်တောင်းခံလိုပါက သင့်အနေဖြင့် အကူအညီ၊ အကြံဉာဏ်နှင့် သတင်းအချက်အလက်များကို မည်သည့်နေရာတွင် ရရှိနိုင်ကြောင်း ဤလက်ကမ်းစာစောင် သတင်းအချက်အလက်များကို ပေးလိမ့်မည်။

၁၉၅၁ ခု ဒုက္ခသည် သဘောတူညီချက်က ဖော်ပြထားသည်မှာ

> *'လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသား၊ သီးခြား လူမှုရေး အုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်မှု သို့မဟုတ် နိုင်ငံရေး အထင်အမြင်သည် ၎င်း နိုင်ငံသားဖြစ်သည့် နိုင်ငံ ပြင်ပတွင် ဖြစ်သောကြောင့် နှိပ်စက်ညှဉ်းပန်းမှုခံရရန် ကောင်းစွာ ရှိနေပြီးဖြစ်သည့် ကြောက်ရွံ့မှုကြောင့်၊ ထိုကဲ့သို့သောကြောက်ရွံ့မှုကြောင့် ထိုနိုင်ငံ၏ အကာအကွယ်ကို ၎င်းကိုယ်တိုင် အသုံးမချနိုင် သို့မဟုတ် အသုံးချရန် ဆန္ဒမရှိသော မည်သည့် ပုဂ္ဂိုလ်မဆို'*

မကြာသေးမီ အချိန်အထိ လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) များအတွက် ယူကေတွင် ခိုလှုံခွင့်တောင်းခံရန် အထက်တွင်ဖော်ပြထားသည့် စံများနှင့် ကိုက်ညီကြောင်း သက်သေပြသရန် ခက်ခဲခဲ့သည်။ ၂၀၁၀ ခု ဇူလိုင်လ ၇ ရက်နေ့တွင် တညီတညွတ်တည်းဖြစ်သော တရားရုံးချုပ် ဆုံးဖြတ်ချက် (စီရင်ထုံး)– *HJ (Iran) and HT (Cameroon) v Secretary of State for the Home Department [2010] UKSC 31* –က ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ အကြိုက်ကြောင့် ညှဉ်းပန်းနှိပ်စက်ခံရလျှင် ပြည်ထဲရေး ရုံးက အကာအကွယ် ပေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဤစီရင်ထုံးသည် လိင်အင်္ဂါပြောင်း အမှုကိစ္စများကို တိုက်ရိုက် အကျုံးမဝင်သော်လည်း အသုံးဝင်နိုင်ပေသည်။ ဤဆုံးဖြတ်ချက်နှင့် ပတ်သက်သည့် ပြီးပြည့်စုံသော အချက်အလက်ကို ယူကေ တရားရုံးချုပ်၏ ဝက်ဘ်ဆိုက်တွင် ရရှိနိုင်သည်။

http://www.supremecourt.gov.uk/docs/UKSC_2009_0054_Judgment.pdf

**လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) များအတွက် တရားရုံးချုပ်၏ ဤဆုံးဖြတ်ချက်သည် မည်သည့် အဓိပ္ပါယ် သက်ရောက်သနည်း။**

လိင်ဆိုင်ရာ အကြိုက်ကြောင့် သို့မဟုတ် ၎င်းတို့ဖော်ထုတ်သည့် လိင် (လိင် ခွဲခြားဖော်ထုတ်မှု)ကြောင့် သင်သည် ကာကွယ်မှု ရှာဖွေနေပါက ယခုအခါတွင် အကူအညီ ရနိုင်မည့် နောက်ထပ် အမှု ကိစ္စ ဥပဒေရှိသည်။ ဤအခြေခံအပေါ်တွင် ခိုလှုံမှု လျှောက်ထားခြင်းအတွက် အတားအဆီးများကို ဖယ်ရှားလိုက်ပြီးဖြစ်သော်လည်း သင့်အား ယူကေတွင် ခိုလှုံခွင့် သေချာပေါက် ပေးလိမ့်မည်မဟုတ်ကြောင်း သတိရရန် အရေးကြီးသည်။

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောက်ျား ခိုလှုံခွင့်ရှာဖွေသူများသည် ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ အကြိုက်ကို ဖုံးကွယ်လျက် ၎င်းတို့၏ နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခံရမှုမှ မိမိတို့ကိုယ်ကို အကာအကွယ် ရရှိရန် မမျှော်လင့် သင့်ပေဟု တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ သင်သည် သင့်မူရင်း နိုင်ငံသို့ ပြန်သွားပြီး သင်သည် လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောက်ျား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူတစ်ယောက်ဖြစ်သည်ဟူသော အချက်ကို ဖုံးကွယ်ထားခဲ့လျှင် သင်သည် ဘေးအန္တရာယ် ကင်းရှင်းလိမ့်မည်ဟု ပြည်ထဲရေးရုံးအနေဖြင့် ငြင်းချက်ထုတ်ရန် ဤစီရင်ထုံး က ပိုမိုခက်ခဲသွားစေသည်။

၂၀၁၀ မေလ ၂၀ ရက်တွင် ထုတ်ပြန်သော လက်ရှိ ယူကေ အစိုးရ အပြည့်အဝ မဟာမိတ်ဖွဲ့မှု သဘောတူညီချက်တွင် အောက်ပါ ကြေညာချက်ပါဝင်သည်။

*'၎င်း၏ လိင်ပိုင်းဆိုင်ရာ အကြိုက် သို့မဟုတ် လိင် ခွဲခြားဖော်ထုတ်မှုကြောင့် ၎င်းတို့အား ထောင်သွင်း အကျဉ်းချခံရခြင်း၊ နှိပ်စက်ခံရခြင်း သို့မဟုတ် ကွပ်မျက်ခြင်းခံရသည့် အန္တရာယ်ကျရောက်စေသောကြောင့် သီးခြားနိုင်ငံများမှ ထွက်ခွာလာခဲ့ရသော ခိုလှုံမှုတောင်းခံသူများအား ၎င်းတို့၏ တိုင်းပြည်သို့ ပြန်ပို့ခြင်းကို ကျွန်ုပ်တို့ ရပ်တန့်မည်။'*

**ကျွန်ုပ် သည် လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောက်ျား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) ဖြစ်ပြီး ကျွန်ုပ်၏ လိင်ပိုင်းဆိုင်ရာ အကြိုက် သို့မဟုတ် လိင် ခွဲခြားဖော်ထုတ်မှု ကြောင့် ကျွန်ုပ်၏ တိုင်းပြည်တွင် ညှဉ်းပန်းနှိပ်စက်ခံရလျှင် ကျွန်ုပ် ဘာလုပ်သင့်သနည်း။**

သင်၏ လိင်ပိုင်းဆိုင်ရာ အကြိုက် သို့မဟုတ် လိင် ခွဲခြားဖော်ထုတ်မှုကို အခြေခံလျက် ညှဉ်းပန်းနှိပ်စက်ခံရလျှင် သင်သည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

- **အဖြစ်နိုင်ဆုံး အမြန်ဆုံး အခွင့်အလမ်းရသည်နှင့်** ပြည်ထဲရေးရုံးကို ဤအကြောင်း ပြောပြပါ။ ဤသို့ပြုလုပ်ရသည်မှာ ခက်ခဲကောင်း ခက်ခဲမည်ဖြစ်သော်လည်း သင့်အနေဖြင့် ဤအကြောင်းကို ၎င်းတို့အား ပြောမပြလျှင် သင်၏ ယုံကြည်စိတ်ချနိုင်မှုကို မေးခွန်းထုတ်စရာဖြစ်လာနိုင်ပြီး ဤအချက်သည် သင်၏ ခိုလှုံခွင့်တောင်းခံမှုတွင် အရေးကြီးသော ဂယက်ရိုက်ခတ်မှု ရှိနိုင်သည်။
- ကျွန်ုပ်တို့၏ အမှုကိစ္စကူညီ ဆောင်ရွက်ပေးသူ များမှ တစ်ယောက်၊ ဒုက္ခသည်အဖွဲ့အစည်းနောက်တစ်ခုမှ အကြံပေး သို့မဟုတ် ဥပဒေရေးရာ ကိုယ်စားလှယ် ကဲ့သို့သော ယုံကြည်ရသည့် အကြံ ပေး ပုဂ္ဂိုလ်တစ်ယောက်အား မျှဝေပြောပြပါ။ သင့်အကြံပေး ပုဂ္ဂိုလ်သည် သင့်အား ကူညီရန်ရှိနေပြီး ၎င်းတို့အား သင်ပြောသမျှ အရာတိုင်း သည် လျှို့ဝှက်ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် သင့်အား ကူညီနိုင်သည့် အခြားပညာရှင်များကိုလည်း ဖော်ထုတ်ပေးနိုင်လိမ့်မည်။
- လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောက်ျား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) အမှုများတွင် ဗဟုသုတများသော ဥပဒေရေးရာ ကိုယ်စားလှယ်တစ်ယောက်ကို ရှာဖွေပါ သို့မဟုတ် ရွေးချယ်ပါ။ ၎င်းတို့သည် ဤနယ်ပယ်တွင် အတွေ့အကြုံမရှိပါက အထက်တွင် ဖော်ပြထားသည့်အတိုင်း အမှု ဥပဒေကို ၎င်းတို့ သတိမူမိသည်မှာ သေချာပါစေ။

**ကျွန်ုပ်ကို မည်သူက ကူညီ နိုင်သနည်း။**

**ဒုက္ခသည် အေဂျင်စီများနှင့် စေတနာ့ဝန်ထမ်း ကဏ္ဍ အုပ်စုများ**

လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောက်ျား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) အဖွဲ့အစည်းများအပါအဝင် ၊စကော့တလန် ဒုက္ခသည် ကောင်စီကဲ့သို့သော ဒုက္ခသည် အေဂျင်စီများနှင့် အခြား စေတနာ့ဝန်ထမ်း ကဏ္ဍ အုပ်စုများသည် သင့်အား သတင်းအချက် နှင့် သင်လိုအပ်သည် အထောက်အပံ့ကို ရှာဖွေနိုင်စေရန် ကူညီကောင်း ကူညီနိုင်ပါသည်။ ၎င်းတွင် သင့်အား ဥပဒေရေးရာ၊ ကျန်းမာရေး သို့မဟုတ် လူမှုရေး အထောက်အကူပြု အုပ်စုများအား ရယူအသုံးပြုနိုင်စေရန် ကူညီမှုများပါဝင်နိုင်သည်။ ဥပမာအားဖြင့် သင်၏ နေရာထိုင်ခင်း သို့မဟုတ် အိမ်ရာတွင် သင့်အနေဖြင့် မလိုမုန်းထားမှု သို့မဟုတ် ခွဲခြားဆက်ဆံမှု ခံစားရပါက ၎င်းတို့အနေဖြင့် ကူညီနိုင်သည်။


Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

ဤအေဂျင်စီများနှင့် အုပ်စုများသည် သင်၏ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ထားရှိမှုကို လေးစားမည်ဖြစ်ပြီး သင့်အနေဖြင့် ၎င်းတို့အား သင့်အသေးစိတ်အချက်အလက်များကို ဆွေးနွေးရန် ခွင့်မပြုလျှင် မည်သူနှင့်မျှ ဆွေးနွေးမည်မဟုတ်ပေ။ လျှို့ဝှက်ထားရှိမှုသည် စကားပြန်များနှင့်လည်း သက်ဆိုင်သည်။ ၎င်းတို့သည် ပညာသည် ဗီဗီ ဆောင်ရွက် ပြီး သင့်အသေးစိတ်အချက်အလက်များကို မည်သူနှင့်မျှ မဆွေးနွေးရပေ။ တစ်စုံတစ်ယောက်ကို တယ်လီဖုန်းနှင့်ပြောရသည်မှာ ပို၍ သက်သောင့်သက်သာ ရှိသည်ဟု သင်ခံစားရပါက သင့်အနေဖြင့် တယ်လီဖုန်းဖြင့် စကားပြန်ပေးခြင်းကိုလည်း တောင်းဆိုနိုင်ပါသည်။

အသုံးဝင်သော အခြား ဝက်ဘ်ဆိုက်များ စာရင်းမှာ

**Equality Network** (တန်းတူညီမျှမှု ကွန်ရက်)

www.equality-network.org/Equality/website.nsf/home?OpenForm

**LGBT Youth Scotland** (စကော့တလန် LGBT လူငယ်များ)

www.lgbtyouth.org.uk

**Stonewall Scotland**

www.stonewall.org.uk/scotland

**Scottish Transgender Alliance** (စကော့တလန် လိင်ပြောင်း မဟာမိတ်အဖွဲ့)

http://www.scottishtrans.org/

**UK Lesbian and Gay Immigration Group** (ယူကေ **လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား** လူဝင်မှု အုပ်စု)

32-36 Loman Street, London, SE1 0EH
Tel: 0207 922 7811
http://www.uklgig.org.uk/asylum.htm

**အနှောင့်အယှက်ပေးမှုကို သတင်းပို့ခြင်း**

လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား၊ လိင်တူ လိင်ကွဲဆက်ဆံသူ သို့မဟုတ် လိင်အင်္ဂါပြောင်းထားသူ (LGBT) များကို ပံ့ပိုးရာတွင် ရဲများသည်လည်း အလွန် အကူအညီပေးသည်။ သင့်အနေဖြင့် ၎င်းတို့၏ LGBT ဆက်သွယ်ရေး အရာရှိကို ဆက်သွယ်နိုင်ပါသည်။

အကယ်၍ သင်သည် ရဲနှင့် တိုက်ရိုက် စကားမပြောနိုင် သို့မဟုတ် မပြောလိုပါက လျှို့ဝှက် တတိယလူ သတင်းပို့ခြင်း အစီအစဉ်ကို သင့်အနေဖြင့် အသုံးပြုနိုင်ပါသည်။ ဤသို့ပြုလုပ်ခြင်းသည် သင့်အား စကော့တလန် ဒုက္ခသည် ကောင်စီ (0800 085 6087) ကဲ့သို့သော အေဂျင်စီတစ်ခုမှ သင်တန်းပေးထားသည့် စေတနာ့ဝန်ထမ်းတစ်ယောက်အား ပြုမှုကို သတင်းပို့နိုင်စေသည်။ ထိုပုဂ္ဂိုလ်သည် သင်ပေးအပ်သည့် အသေးစိတ်အချက်အလက်များအားလုံးကို ရေးမှတ်ထားမည်ဖြစ်ပြီး ထို့နောက်တွင် သင့်အနေဖြင့် ရဲကို စုံစမ်းစစ်ဆေးလိုသလားဆိုသည်ကို ရွေးချယ်နိုင်သည်။